dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"Is Civil – Military Power Balanced?"***

ဖြစ်ပါတယ်။ (ဇွန် ၊၁၈ ၊၂၀၁၆ ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "အရပ်ဘက် - စစ်ဘက် ဆက်ဆံရေး ဘယ်လိုအကောင်းဆုံး တည်ဆောက်မလဲ" ဆိုတဲ့ ဒီဘီတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံမှာ ၂၀၁၅ ရွေးကောက်ပွဲအပြီး နှစ်ပေါင်းများစွာအတိုက်အခံအဖြစ်ရှိလာခဲ့တဲ့ အရပ်သား အစိုးရသစ် တက်လာခဲ့ပြီဖြစ်ပါတယ်။ အုပ်ချုပ်ရေးပိုင်းမှာ နှစ်ပေါင်းများစွာ ရှိလာခဲ့တဲ့ တပ်မတော်အစိုးရ မရှိတော့သော်လည်း အများစုက တပ်မတော်သည် အာဏာခွဲဝေမှုတွင် အများဆုံးရရှိထားသည်ဟု ရှုမြင်ထားကြဆဲဖြစ်သည်။

အစိုးရသစ်လက်ထက်အစ လွှတ်တော်တွင်းတွင် တပ်နှင့် အနိုင်ရပါတီဘက်မှ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များအကြား သဘောကွဲလွဲမှုများ ခပ်စိပ်စိပ်ဖြစ်ပေါ်ခဲ့မှုရှိခဲ့ခြင်းကြောင့် မြန်မာ့အရေး စောင့်ကြည့်သူများက ကာချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရသစ်တို့၏ ဆက်ဆံရေး တင်းမာလာမည်လားဟု စိုးရိမ်ခဲ့ကြသည်ကိုလည်း တွေ့ခဲ့ရသည်။

သို့သော် အစိုးရသစ်တက်ရောက်လာခဲ့အပြီး မေလတွင် နေပြည်တော်၌ ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်မှ ထိပ်တန်းခေါင်းဆောင်များ မီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့ပြီး တပ်၏ရပ်တည်ချက်ကို ရှင်းလင်းပြောပြ သွားခဲ့သည်။ ယင်းပြောကြားမှုများအပေါ် အခြေခံ၍ နိုင်ငံရေးလေ့လာသူများနှင့်လွှတ်တော်ကိုယ်စားအချို့တို့က  အရပ်သားအစိုးရနှင့် တပ်မတော်တို့ လက်တွဲဆောင်ရွက်နေကြောင်းအမှာစကားပါးခြင်းဖြစ်ပြီး ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၏ သဘောထားပျော့ပျောင်းလာသည်ဟုလည်း သုံးသပ်ထားကြသည်။

David Pion-Berlin ဆိုသည့် ပညာရှင်က လက်တင်အမေရိက နိုင်ငံများမှ အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးကို လေ့လာပြီး ရေးသားခဲ့သည့် စာတမ်း "Political Management of the Military in Latin America" တွင် "ခေတ်သစ်နိုင်ငံတွေရဲ့ လုံခြုံရေးပိုင်းဆိုင်ရာ ခြိမ်းခြောက်ခံရမှုတွေက များမြောင်ထွေပြားလာတယ်။ အဲဒီအတွက် အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးနယ်ပယ်ရဲ့ ဖွင့်ဆိုချက်ကို ချဲ့ထွင်ဖို့ လိုအပ်လာတယ်။ အစဉ်အလာဖွင့် ဆိုနေကြတဲ့ အရပ်ဘက်က စစ်ဘက်ကို ထိန်းကျောင်းနိုင်မှု ဆိုတာနဲ့ မလုံလောက်တော့ဘူး" ဟုထောက်ပြထားပြီး အရပ်ဘက်- စစ်ဘက်ဆက်ဆံရေးအပေါ် (၁) အရပ်ဘက် နိုင်ငံရေးသမားတွေအနေနဲ့ စစ်တပ်ကို ဒီမိုကရေစီ နည်းကျ ထိန်းကျောင်းနိုင်မှု ၊ (၂) နိုင်ငံရဲ့ စစ်ဘက်ဆိုင်ရာ လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ ထိရောက်မှု စွမ်းရည် ပြည့်ဝထက်မြက်မှု ၊ (၃) အရင်းအမြစ်တွေကို စီမံခန့်ခွဲသုံးစွဲတဲ့ နေရာမှာတွင်ကျယ်စွာ သုံးစွဲတတ်မှု စသည့် ထောက်တိုင်သုံးခုဟု ဆိုထားသည်။

လက်ရှိတွင် စစ်တပ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ ဆက်ဆံရေးအပေါ် တိုင်းရင်းသားများဘက်မှလည်း အမျိုးမျိုးသောအမြင်များ ဖြစ်ပေါ်လျက်ရှိနေရာ ယခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်က မတူညီသည့် ရှုထောင့်တို့မှ အမြင်များနှင့် အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးကို ဆွေးနွေးတင်ဆက်ကြမည် ဖြစ်သည်။

## သူတို့အမြင်

"ကျွန်တော်က တပ်မတော် အကြီးအကဲ ဆိုပေမယ့် သမ္မတအောက်မှာပဲ ရှိတယ်။ ကျွန်တော် ဒီလိုပဲ ခံယူထားတယ်။ သမ္မတအောက်မှာ ပဲရှိတယ်။ သမ္မတရဲ့ ဦးဆောင်မှုနဲ့ ကျွန်တော်တို့က သွားရတာပေါ့"
**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်** - တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်။

အကြီးဆုံးစိန်ခေါ်မှုကတော့ နိုင်ငံရေးကနေ စစ်တပ်ပြန်ထွက်ခွာသွားရေး ဖြစ်ပေါ်ဖို့ ရှင်းရှင်းလေးပါပဲ။ လက်တွေ့လည်းမကျ၊ လုံးဝလည်း ဒီမိုကရက်တစ်မဟုတ်တဲ့ စည်းမျဉ်းဥပဒေတွေ အားလုံး ခင်ဗျားတို့မှာ ရှိနေတယ်။ ဝန်ကြီးဌာနရဲ့နောက်ကွယ်မှာ လက်တွေ့စစ်တပ်ရှိနေတာနဲ့ ပတ်သက်လို့ပေါ့။  ပြည်ထဲရေး ဝန်ကြီးဌာန တစ်ခုလုံးကို၊ အထွေထွေအုပ်ချုပ်ရေးဌာနတွေ အားလုံးကို စစ်တပ်က မထိန်းချုပ်သင့်ပါဘူး။ အဲဒီမှာ သူတို့ မပါဝင်သင့်ဘူး။ ကာကွယ်ရေး ဝန်ကြီးဌာနမှာ သူတို့ပါဝင်သင့်တယ်။ ဒီမှာ သူတို့အနေနဲ့ အရပ်သားကာကွယ်ရေး ဝန်ကြီးရှိ သင့်တယ်လို့ ကျွန်တော်ပြောနေတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ပိုပြီး ဒီမိုကရေစီကျတဲ့နိုင်ငံတွေမှာဆိုရင် အရပ်သားကာကွယ်ရေးဝန်ကြီးတွေ ရှိကြတယ်။ ဒီမိုကရက်တစ်အခန်းကဏ္ဍနဲ့ ပတ်သက်လို့ ခင်ဗျားသဘောကျနှစ်သက်တဲ့ နိုင်ငံတွေကို ကြည့်မယ်ဆိုရင် ဥရောပ အနောက်ပိုင်းမှာ ဖြစ်ဖြစ်၊ ဂျပန်မှာဖြစ်ဖြစ်၊ တခြားနေရာတော်တော်များများမှာ ဖြစ်ဖြစ် "စစ်တပ်ဟာ လက်နက်ကိုင် တပ်မတော်ရဲ့ ပရော်ဖက်ရှင်နယ်ကျမှုနဲ့ ပတ်သက်လို့ပဲ စိတ်ပူသင့်တယ်"။ ကာကွယ်ရေး မူဝါဒနဲ့ပတ်သက်လို့ စိတ်ပူရမှာမဟုတ်ဘူး။ အဲဒါကလည်း အရပ်သား ပဲဖြစ်သင့်တယ်။ ဒါက အခုချိန်ကနေ တော်တော်ကြာကြာကောင်းကြာဦးမှာပါ။ ဒါပေမဲ့ ခြုံကြည့်မယ်ဆိုရင် စစ်တပ်က နိုင်ငံရေး မကစားသင့်ဘူး။ အဲဒါ သူတို့အခန်းကဏ္ဍမဟုတ်ဘူး။ စစ်တပ်ရဲ့ အခန်းကဏ္ဍက ပြည်ပကျူးကျော်သူတွေ ရန်ကနေ နိုင်ငံကို ကာကွယ်ဖို့ပဲ။
**ပါမောက္ခ ဇိုတန်ဘာရန်နီ - အရပ်ဘက်- စစ်ဘက် ဆက်ဆံရေးပညာရှင်**

"အရင်တုန်းကတော့ စစ်ဘက်က သူ့ကိုယ်သူ အုပ်ချုပ်သူလို့ ထင်တယ်။ အရပ်ဘက်က ဘာမှပြောခွင့်မရှိဘူး။ အုပ်ချုပ်ခံ ပေါ့။ အခုပုံစံသစ်ကျတော့ အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးက အခြေခံ ဥပဒေစာအုပ်ကို ကြားခံလိုက်တာပေါ့။ အခြေခံဥပဒေနဲ့ ညီနေသရွေ့ စစ်ဘက်က အရပ်ဘက်ကို ဘာမှ မပြောဘူး။ မညီဘူးလို့ထင်ရင် သူတို့ထပြီး ကန့် ကွက်မယ်ပေါ့။ အခုဖြစ်နေတဲ့ကိစ္စ တွေကို ထိပ်တိုက်တွေ့နေတယ်လို့ မမြင်ဘူး။ အခြေခံဥပဒေနဲ့ မညီဘူးထင်ရင် စစ်ဘက်က ထကန့်ကွက်မယ်။ ဒါပေမဲ့ ဒီမိုကရေ စီနည်းအရ မဲခွဲ၊ မဲများတဲ့ဘက်က အနိုင်။ ဒီပုံစံနဲ့သွားမယ်လို့ ယူဆတယ်"
**ဦးရဲမင်းဦး** - မြန်မာ့နိုင်ငံရေး စိတ်ဝင်စားသူ။

စာဖတ်ပရိသတ်များအနေဖြင့် ကြည့်ခဲ့ဖူးသောစစ်ကားတစ်ကားကို မြင်ယောင်ကြည့်ပါလျှင် တပ်မတော်များသည် ရန်သူဟုယူဆလျှင် လက်အားလုံးမြှောက်ပြထားသည့်တိုင် သေနတ်ဖြင့်ချိန်ထားဆဲ ဖြစ်သည်ကို အသေအချာ သတိပြုမိကြပါလိမ့်မည်။ စစ်ရေးအမြင်ဆိုသည်မှာ ဤမျှသံသယထားအောင် လေ့ကျင့်ပေးထားသော အမြင်ကို ရည်ညွှန်းပါသည်။ ဤသည်မှာ တပ်မတော်များ(များ)၏ အလေ့အထဖြစ်ပါသည်။ ထိုအမြင်ကို သဘောမပေါက်လျှင် တပ်မတော်နှင့်ပူးပေါင်းဆောင်ရွက်ရန် Homework လုပ်ထားသည်ဟု မသတ်မှတ်နိုင်ပါ။
**အောင်ထွဋ်** - တပ်မတော်များ၏ စစ်ရေးအမြင် (၂၀၁၀)

### *Information links:*

www.7daydaily.com
www.burma.irrawaddy.org
www.dvbdebate.net